# "သတင်းကောင်းနှစ်ခြင်းအသင်းတော်"

ဘုရားသခင်၏အလိုတော်အရ သတင်းကောင်းနှစ်ခြင်းအသင်းတော်ကို ၁၉၈၃ ခုနှစ် မေလ ၁၅ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ယေရှုခရစ်တော်၏ မဟာအမိန့်တော်အတိုင်း မြေကြီးစွန်းတိုင်အောင် ဘုရားသခင်၏နိုင်ငံတော် ကျယ်ပြန့်ရေးအတွက် လုပ်ဆောင်ရန်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်နေရင်း ၂၀၀၀ ခုနှစ်နှောင်းပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် အသင်းတော်နှစ်ပိုင်းကွဲ ခဲ့ရပါသည်။ အသင်းတော်နှစ်ပိုင်းကွဲပြီးနောက် ကျွန်ုပ်တို့၏ သတင်းကောင်းနှစ်ခြင်းအသင်းတော်သည် ဘုရားသခင်၏နိုင်ငံတော် မြေကြီးစွန်းတိုင်အောင်ကျယ်ပြန့်ရေးဆိုသည့် မူလချမှတ်ထားသော ရည်ရွယ်ချက်အတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်းစာ၏သွန်သင်မှုကို ဦးထိပ်ထားခံယူကာ သမ္မာတရားအတိုင်း အသက်ရှင်သွားလာကျင့်လည်ပြီး လောကီမှုရေး ပြမ်းနှောရှုပ်ထွေးမှုများနှင့် ကင်းရှင်းစွာ လုပ်ဆောင်ရန် ဖြစ်ပါသည် (၂တိ၊၂း၄)။ လောကီရေးများနှင့် ကင်းရှင်းစွာလုပ်ဆောင်ရန်ဖြစ်သော်လည်း လောကီသားများနှင့်မဆက်ဆံ၍မရပါ။ လူသားများအကြားတွင် တည်ရှိသဖြင့် လူမှုရေးများနှင့် မကင်းနိုင်ပါ။ အစိုးရ ခင်းအာဏာစက်များနှင့် လုံးဝကင်းကွာ၍ မဖြစ်နိုင်ပါ။ အသင့်အတင့်နေထိုင်လုပ်ဆောင်ရန် လိုအပ်ပါ သည်။

ထို့ကြောင့် လောကအလယ်တွင် အသင်းတော်၏လုပ်ငန်းဆောင်ရွက်မှုများ တင့်တယ်လျောက်ပတ်၍ စည်းစနစ် တကျဖြစ်ရေးအတွက်နှင့် အသင်းတော်အတွင်းလုပ်ငန်းလည်ပတ်မှု စနစ်ကျချောမွေ့ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းရှိရန် လိုအပ်ပါသည်။ အသင်း တော်နှစ်ပိုင်းမကွဲမီကရေးဆွဲအသုံးပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆက်လက်အသုံးပြုရန်မှာ အသင်းတော်၏ဖွဲ့စည်းပုံယန္တရားသည်ယခင်ကနှင့်မတူတော့ခြင်း၊ အသင်းတော်တွင်သတင်းကောင်းနှစ်ခြင်း ၊ ပညာသင်ကျောင်း မပါဝင်တော့ခြင်း စသည့်အကြောင်းများကြောင့် မဖြစ် နိုင်တော့သဖြင့် ဤဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းအသစ်ကို ရေးဆွဲရခြင်း ဖြစ်ပါသည်။

ရှို့ယွင်းချက်၊ အားနည်းချက်နှင့်မကင်းသည့် လူသားများဖြစ်ကြသောကျွန်ုပ်တို့ကရေးဆွဲသည့် ဤဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းသည် ပြည့်စုံကုံလုံခြင်းမရှိနိုင်ပါ။ ကျွန်ုပ်တို့မည်မျှပင် အချိန်ယူကြိုးစားရေးဆွဲသော်လည်း အားနည်းချက်၊ လိုအပ်ချက်များစွာ ရှိနိုင်ပါသည်။

**"ထို့ကြောင့် ဤဖွဲ့စည်းအုပ်ချုပ်ပုံပါစည်းမျဉ်းများကို လိုက်နာလုပ်ဆောင်ရာတွင် သမ္မာတရားနှင့်ဆန့်ကျင်လုပ်ဆောင်ရမည့်ကိစ္စမျိုး တွေ့ကြုံပေါ်ပေါက်လာပါက သမ္မာကျမ်းစာ၏သွန်သင်ချက်များသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံပါစည်းမျဉ်းများအပေါ် လွှမ်းမိုးပြီး ဩဇာအာဏာသက်ရောက်ရမည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံပါစည်းမျဉ်းများကိုပယ်၍ သမ္မာကျမ်းစာသွန်သင်ချက်များ အတိုင်းနာခံလိုက်လျှောက်ရမည်။"**